

# MFD PCL Annual Report (2024-2025)

## ဒါရိုက်တာအဖွဲ့အစီရင်ခံစာ

မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအများနှင့်
သက်ဆိုင်သောကုမ္ပဏီလီမိတက်

# Contents

## အကြောင်းအရာ


- ဥက္ကဋ္ဌ၏အမှာစကား — စာမျက်နှာ (၁)
- Corporate Profile — စာမျက်နှာ (၂-၅)
- Corporate Governance — စာမျက်နှာ (၆-၁၀)
- စီမံကိန်းများအကောင်အထည်ဖော်မှုစီမံခန့်ခွဲခြင်း — စာမျက်နှာ (၁၁)
- ဒါရိုက်တာအဖွဲ့၏တင်ပြချက် — စာမျက်နှာ (၁၂-၁၃)
- Business — စာမျက်နှာ (၁၄-၁၈)
- နိုင်ငံတော်သို့ ဘဏ္ဍာရေးနှစ်အလိုက်အခွန်ပေးဆောင်မှုအခြေအနေ — စာမျက်နှာ (၁၉)
- ကုမ္ပဏီ၏လူမှုတာဝန်ယူမှုလုပ်ငန်းရပ်များ — စာမျက်နှာ (၂၀-၂၂)
- စာရင်းစစ်ဆေးပြီးဘဏ္ဍာရေးရှင်းတမ်းများ — စာမျက်နှာ (၂၃-၄၉)



# ဥက္ကဋ္ဌ၏ အမှာစကား

**လေးစားအပ်ပါသော အစုရှယ်ယာရှင်များ ခင်ဗျား –**

ဘဏ္ဍာရေးနှစ်သစ်တွင် MFD အများပိုင်ကုမ္ပဏီလီမိတက်မှ အစုရှယ်ယာရှင်များ အားလုံးနှင့် ဝန်ထမ်းမိသားစုဝင်များအားလုံးကို လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။ ပြီးခဲ့သည့် ကာလများသည် ပြည်တွင်းစီးပွားရေးအခြေအနေများ၏ စိန်ခေါ်မှုများနှင့် အတားအဆီးများကြားမှ ကျွန်ုပ်တို့၏ ခိုင်မာသောရပ်တည်မှုကို ပြသနိုင်ခဲ့သည့်အချိန်ကာလ တစ်ခုဖြစ်ခဲ့ပါသည်။ ဒါရိုက်တာအဖွဲ့ဝင်များ၊ အုပ်ချုပ်မှုအဖွဲ့နှင့် ဝန်ထမ်းများအားလုံး၏ စည်းလုံးညီညွတ်မှု၊ ကောင်းမွန်သော ငွေကြေးစီမံခန့်ခွဲမှုနှင့် မဆုတ်မနစ်သော ကြိုးပမ်းအားထုတ်မှုများကြောင့် လုပ်ငန်းများကို တည်ငြိမ်စွာ ဆက်လက်ဖော်ဆောင်နိုင်ခဲ့ပါသည်။

ကုမ္ပဏီ၏ နှစ်စဉ်အမြတ်အစွန်းများမှ အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကို ဦးစားပေးသည့်အနေဖြင့် အမြတ်ဝေစု ခွဲဝေပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၊ ကျွန်ုပ်တို့၏ ဘဏ္ဍာရေး ခိုင်မာမှုနှင့် လုပ်ငန်းရှင်သန်မှုကို အခြေခံ၍ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုခွဲဝေပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း ဝမ်းမြောက်စွာ အသိပေးအပ်ပါသည်။

ယခုကျင်းပမည့် ဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏နှစ်ပတ်လည်အထွေထွေအစည်းအဝေး မတိုင်မီ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံးထံသို့ ကြိုတင်၍ပေးပို့သည့် ဤနှစ်ပတ်လည်အစီရင်ခံစာတွင် ကုမ္ပဏီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် စာရင်းစစ်အစီရင်ခံစာ၊ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ကုမ္ပဏီ၏လုပ်ငန်းလုပ်ဆောင်ချက်များ အားအစုရှယ်ယာရှင်များမှ ကြိုတင်ဖတ်ရှုလေ့လာသုံးသပ်နိုင်စေရန်ရည်ရွယ်၍ ထည့်သွင်းဖော်ပြထားပါသည်။

နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်မှာ MFD အများပိုင်ကုမ္ပဏီကြီးအား ရေရှည်တည်တံ့နိုင်စေရန် နှင့် ကုမ္ပဏီ၏ မျှော်မှန်းချက်များကို အောင်မြင်အောင်ဆက်လက်လုပ်ကိုင်နိုင်စေရန်အတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးကြသော ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ၊ မိတ်ဖက်ကုမ္ပဏီများ၊ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၊ နှစ်ရှည်လက်တွဲ လုပ်ကိုင်လာခဲ့ကြသော ကုမ္ပဏီဝန်ထမ်းများ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

ဦးယဉ်ဝင်းနိုင်
ဥက္ကဋ္ဌ
MFD Public Company Limited




# CORPORATE PROFILE

## Company ၏ သမိုင်းကြောင်း

MFD အများပိုင်ကုမ္ပဏီလီမိတက်သည် မြိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရန် ဟူသော ခိုင်မာသော ရည်ရွယ်ချက်ဖြင့်
**" မြိတ်ဒေသ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးသည် ကျွန်ုပ်တို့ဒေသခံ ပြည်သူများ၏ တာဝန်ဖြစ်သည် "**
ဟု ခံယူကာဒေသခံများမှ စတင်တည်ထောင်ခဲ့သော ဦးဆောင် လုပ်ငန်းစု တစ်ခု ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် Myeik Future Development Company (MFD) အမည်ဖြင့် စတင်အကောင်အထည်ဖော်ခဲ့ပြီး၊ ၂၀၁၄ ခုနှစ်၊ မတ်လ (၅) ရက်နေ့တွင် မြိတ်ဒေသနေ ပြည်သူများအားလုံး၏ အကျိုးစီးပွားကို ပိုမိုပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်ရန်အတွက် Myeik Future Development Public Company Limited (MFD PCL) အဖြစ် အများပိုင်ကုမ္ပဏီလီမိတက် အသွင်သို့ တရားဝင် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

- ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် : ၁၀၄၉၂၄၆၁၁
- လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်အမှတ်: ၁၃ /၂၀၁၄-၂၀၁၅
- ကုမ္ပဏီမှတ်ပုံတင်ရုံးတည်နေရာ : မြိတ်စီးပွားရေးဇုန်စီမံကိန်းဝင်း၊စိန်ပန်းဝါလမ်း၊ ကမ်းသာယာရပ်ကွက်၊ မြိတ်မြို့.

## ရည်မှန်းချက်၊ မျှော်မှန်းချက်နှင့် ခံယူချက်များ

MFD ၏ ရည်မှန်းချက်၊ မျှော်မှန်းချက်နှင့် ခံယူချက်များသည် မြိတ်ဒေသကို ဗဟိုပြုကာ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိက ဦးတည်ထားပါသည်။

## ကုမ္ပဏီ၏ မျှော်မှန်းချက်

ဒေသတွင်းဈေးကွက်ကို ခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်စေရန်။
ကုန်စည် ပို့ဆောင်ရေးကို စွမ်းဆောင်ရည်မြင့်မားပြီး ကုန်ကျစရိတ် သက်သာစွာ ဆောင်ရွက်ပေးရန်။
မြိတ်ဒေသ၏ အိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အခြေခံ အဆောက်အအုံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်။

## ကုမ္ပဏီ၏ ရည်ရွယ်ချက်

မြိတ်ဒေသအတွက် လိုအပ်သော စီးပွားရေး အခြေခံအဆောက်အအုံများ တည်ဆောက်ရန်။
မြိတ်ဒေသခံများအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက် အကူပြုရန်။
အများပိုင် ကုမ္ပဏီအဖြစ် တည်ထောင်ကာ ဒေသနှင့် လူထုအခြေပြု ကုမ္ပဏီတစ်ခု ဖြစ်လာစေရန်။
မြိတ်ဒေသထွက်ကုန်များအား ဒေသတွင်းသာမက နိုင်ငံတကာနှင့် လွတ်လပ်စွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပြုနိုင်သည်အထိ ရည်မှန်းကြိုးစားဆောင်ရွက်ရန်။

## လုပ်ငန်းဆောင်ရွက်မှု နယ်ပယ်

MFD PCL ၏ အဓိကလုပ်ငန်းနယ်ပယ်မှာ **မြေယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (Land Development)** များဖြစ်ပြီး၊ ဒေသ၏ ဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် အဓိက စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

- **မြိတ်စီးပွားရေးဇုန် စီမံကိန်း**
- **စက်မှုလုပ်ငန်းမြေကွက်များ ဖော်ဆောင်ခြင်း**
- **ခေတ်မီအိမ်ရာစီမံကိန်းများ**

ဤစီမံကိန်းများ မှတစ်ဆင့် မြိတ်ဒေသ၏ စီးပွားရေးအခြေခံ အဆောက်အအုံများ ခိုင်မာလာစေရန် နှင့် ဒေသခံများအတွက် သင့်လျော်သော လူနေမှုပတ်ဝန်းကျင်များ ဖန်တီးပေးရန်တို့ကို အဓိကထား ဆောင်ရွက်ပါသည်။

## ရင်းနှီးမြှုပ်နှံမှုအခြေအနေ

MFD အများပိုင်ကုမ္ပဏီလီမိတက် (MFD PCL) သည် ဒေသခံများ၏ ယုံကြည်မှုဖြင့် ခိုင်မာစွာဖွဲ့စည်းတည်ထောင်ထားသော အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည်။ လက်ရှိအခြေအနေအရ ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များမှာ၊ ထုတ်ဝေပြီး အစုရှယ်ယာတန်ဖိုး ၁၁,၃၃၂,၇၆၀,၀၀၀ ကျပ် ရှိပါသည်။ ကုမ္ပဏီမှ ရှယ်ယာတစ်စုတန်ဖိုးကို ၁၀,၀၀၀ ကျပ် ဖြင့် သတ်မှတ်ထုတ်ဝေထားရာ ရှယ်ယာအရေအတွက် စုစုပေါင်း (၁,၁၃၃,၂၇၆) စု ရှိပြီး၊ လက်ရှိတွင် အစုရှယ်ယာရှင်စုစုပေါင်း (၅၆၁)ဦး ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ ဤပွင့်လင်းမြင်သာသော ဘဏ္ဍာရေးဖွဲ့စည်းပုံသည် ဒေသခံပြည်သူများ၏ ပိုင်ဆိုင်မှုနှင့် ထိတွေ့ဆက်ဆံမှုကို ကိုယ်စားပြုပါသည်။

*"၁၇-၉-၂၀၁၇ ရက်နေ့တွင်ထုတ်ဝေသည့် နိုင်ငံပိုင်ကြေးမုံသတင်းစာ၌ ထည့်သွင်းကြေငြာချက်အရ MFD Public Company Limited သည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားသော၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီများအနက် အများပြည်သူသို့ အစုရှယ်ယာထုတ်ဝေရောင်းချခွင့်ရှိသည့် ကုမ္ပဏီအဖြစ် စာရင်းဝင်နိုင်ခဲ့ပါသည်။"*

# ၁၇-၉-၂၀၁၇ ရက်နေ့ ကြေးမုံသတင်းစာဖော်ပြချက်


၁၄ ကြေးမုံ စက်တင်ဘာ ၁၇၊ ၂၀၁၇

ပြည်တွင်းရေးရာ

မော်လမြိုင်မြို့နယ်အတွင်း မူခင်းအသိပညာပေးဟောပြောပွဲများ ကျင်းပ

မြိတ်မြို့နယ်တွင် ငွေကျပ်သိန်းနှစ်ထောင်ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲသူနှစ်ဦး ဖမ်းဆီးရမိ

နှဲတောမြောက်ရွာ လျှပ်စစ်မီးလင်း

### "အများပြည်သူသို့ အသိပေးကြေညာချက်"

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားသောအများနှင့်သက်ဆိုင်သောကုမ္ပဏီများအနက်အများပြည်သူသို့အစုရှယ်ယာရောင်းချခွင့် ရှိသော ကုမ္ပဏီ ၅၅ ခု စာရင်းအား ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ ကြေးမုံသတင်းစာတွင် ကြေညာခဲ့ပြီး ဖြစ်ပါ သည်။

၂။ ယခုအခါအများပြည်သူသို့အစုရှယ်ယာရောင်းချခွင့်ရှိသောခွင့်ပြုထားသည့် အောက်ပါကုမ္ပဏီစာရင်းများကို သိရှိနိုင်ပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်-

| စဉ် | ကုမ္ပဏီအမည် | မှတ်ပုံတင်အမှတ်နှင့်ရက်စွဲ |
|---|---|---|
| ၁ | တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီ လီမိတက် TANINTHARYI DIVISION DEVELOPMENT PUBLIC COMPANY LIMITED | ၁၃၅၉/၂၀၁၂-၂၀၁၃ (၂၂-၆-၂၀၁၂) |
| ၂ | ထားဝယ် ဖွံ့ဖြိုးတိုးတက်မှု အများပိုင် ကုမ္ပဏီ လီမိတက် DAWEI DEVELOPMENT PUBLIC COMPANY LIMITED | ၁၇၉၅/၂၀၁၂-၂၀၁၃ (၇-၈-၂၀၁၂) |
| ၃ | ရခိုင်စီးပွားရေးဦးဆောင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက် RAKHINE ECONOMIC INITIATIVE PUBLIC COMPANY LIMITED | ၃၉၇၄/၂၀၁၃-၂၀၁၄ (၁၇-၁၀-၂၀၁၃) |
| ၄ | မြိတ်အနာဂါတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက် MYEIK FUTURE DEVELOPMENT PUBLIC COMPANY LIMITED | ၅၇၂၃/၂၀၁၃-၂၀၁၄ (၅-၃-၂၀၁၄) |

၃။ အထက်အပိုဒ် ၂ ပါကုမ္ပဏီ ၄ ခု အပါအဝင် ယခင် ထုတ်ပြန်ကြေညာထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ ၅၅ ခု၊ စုစုပေါင်းကုမ္ပဏီ ၅၉ ခုမှလွဲ၍ ကျန်မည်သည့် စီးပွားရေးလုပ်ငန်းကမျှ အများပြည်သူသို့ အစုရှယ်ယာရောင်းချခွင့်မရှိပါကြောင်းနှင့် အများပြည်သူသို့အစုရှယ်ယာရောင်းချရန် ထပ်မံခွင့်ပြုသော ကုမ္ပဏီများ ရှိလာပါက ၎င်းတို့ကိုလည်းဆက်လက်အသိပေးထုတ်ပြန်ပေးမည်ဖြစ်ပါကြောင်းသိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## အစုရှယ်ယာများလွှဲပြောင်းခြင်း/ ရောင်းချခြင်း

အစုရှယ်ယာရှင်များသည် မိမိပိုင်ဆိုင်သော အစုရှယ်ယာများကို အစုရှယ်ယာရှင်အချင်းချင်းသို့ဖြစ်စေ၊ အခြားသူ တစ်ဦးဦးသို့ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ နှစ်သက်ရာဈေးနှုန်းဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချနိုင်ပါသည်။ ထိုသို့လွှဲပြောင်းရောင်းချရာတွင် (Share Transfer Form) အား လက်မှတ်ရေးထိုးဖြည့်စွက်ပြီး အစုရှယ်ယာရှင်အမည် တစ်ဦးမှ တစ်ဦးသို့ တရားဝင်ပြောင်းလဲမှတ်ပုံတင်ရန်အတွက် ကျသင့်သည့် တံဆိပ်ခေါင်းခွန်ပေးဆောင်ပြီး (၁၄)ရက်အတွင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှ သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးဆောင်၍ မှတ်ပုံတင်ရန် အတွက် ကုမ္ပဏီသို့အချိန်မီတင်ပြရန် လိုအပ်ပါသည်။

## အစုရှယ်ယာပိုင်ဆိုင်မှုအခွင့်အရေးများနှင့် အမြတ်ဝေစုခွဲဝေသည့် မူဝါဒ

အစုရှယ်ယာရှင်များ၏အခွင့်အရေးမှာ ကုမ္ပဏီမှကျင်းပသော နှစ်ပတ်လည်အစည်းအဝေးများတွင် ကိုယ်တိုင်ဖြစ်စေ၊ ရှယ်ယာရှင်တစ်ဦး သို့မဟုတ် အများ၏ကိုယ်စားလှယ်တစ်ဦးအနေဖြင့်ဖြစ်စေ တက်ရောက်ခွင့်ကိုလည်းကောင်း၊ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာအပေါ် ဝေဖန်အကြံပေးဆွေးနွေးခွင့်ကိုလည်းကောင်း သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ မိမိပိုင်ဆိုင်သော အစုရှယ်ယာများကို အခြားသူတစ်ဦးဦးထံသို့ လွှဲပြောင်း/ ရောင်းချခြင်းကိုလည်းကောင်း၊ ကုမ္ပဏီ၏ လုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းများမှ ရရှိလာသည့် အကျိုးအမြတ်များပေါ်တွင် မိမိတို့ထည့်ဝင်ထားသော အစုရှယ်ယာအရေအတွက်အလိုက် အမြတ်ဝေစုများရရှိခြင်း စသော အခွင့်အရေးများကို ရရှိနိုင်မည် ဖြစ်ပါသည်။ အစုရှယ်ယာအရေအတွက် (၅၀၀၀)စုနှင့်အထက် လက်ဝယ်ပိုင်ဆိုင်ရရှိထားသော အစုရှယ်ယာရှင်တစ်ဦးသည် ကုမ္ပဏီ၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဒါရိုက်တာတစ်ဦးအဖြစ် ဝင်ရောက်အရွေးချယ်ခံနိုင်ပါသည်။



# CORPORATE GOVERNANCE

**ကော်ပိုရိတ် စီမံအုပ်ချုပ်မှု (Corporate Governance)**

MFD PCL သည် အများပိုင်ကုမ္ပဏီ၏ စံနှုန်းနှင့်အညီ ပွင့်လင်းမြင်သာမှု (Transparency)၊ ကျင့်ဝတ်လိုက်နာမှု (Ethical Conduct) နှင့် တာဝန်ယူမှု (Accountability) အပြည့်ဖြင့် လုပ်ငန်းများကို စီမံအုပ်ချုပ်ပါသည်။ ဒါရိုက်တာဘုတ်အဖွဲ့ကို အဖွဲ့ဝင် (၇) ဦးဖြင့် ဖွဲ့စည်းထားပြီး ကုမ္ပဏီ၏ မဟာဗျူဟာမြောက် ဦးဆောင်မှု၊ မူဝါဒချမှတ်မှုနှင့် လုပ်ငန်းကြီးကြပ်ကွပ်ကဲမှုများကို တာဝန်ယူ ဆောင်ရွက်ပါသည်။ ဒါရိုက်တာဘုတ်အဖွဲ့သည် ကောင်းမွန်သော ငွေကြေးစီမံခန့်ခွဲမှု၊ စီမံအုပ်ချုပ်ရေး ကျွမ်းကျင်မှုနှင့် လုပ်ငန်းကျင့်ဝတ်ဆိုင်ရာ စံနှုန်းများအား လိုက်နာလျက် ကုမ္ပဏီကို စနစ်တကျ ဦးဆောင်လျက်ရှိပါသည်။




နှစ်စဉ်ကျင်းပလျက်ရှိသည့် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ၏နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် လုပ်ငန်းအတွက်အကောင်းဆုံးစွမ်းဆောင်ပေးနိုင်မည့် အလားအလာရှိသောဒါရိုက်တာအဖွဲ့ဝင်များကို အစုရှယ်ယာရှင်များမှ ရွေးချယ်ခန့်အပ်စေလျက်ရှိပါသည်။ အစုရှယ်ယာရှင်များထံမှ ဆုံးဖြတ်ချက်ရယူရန် လိုအပ်သည့်ကိစ္စရပ်များမှအပ ကုမ္ပဏီ၏အရေးကြီးဆုံးဖြတ်ချက်များကို ဥက္ကဋ္ဌ၏ဦးဆောင်မှုဖြင့် ဒါရိုက်တာအဖွဲ့ဝင်များမှ တာဝန်ခွဲဝေဆောင်ရွက်ပြီး ပုံမှန်ဒါရိုက်တာအဖွဲ့အစည်းအဝေးများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီ၏လုပ်ငန်းလိုအပ်ချက်အရ အရေးပေါ်ဒါရိုက်တာအဖွဲ့အစည်းအဝေးများကိုလည်း လိုအပ်သလိုခေါ်ယူ ဆောင်ရွက်လျက်ရှိပါသည်။

# CORPORATE GOVERNANCE

## နဝမအကြိမ် အစုရှယ်ယာရှင်များ၏နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှ ရွေးချယ်ခန့်အပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့ဝင် (၇)ဦး



ဦးယဉ်ဝင်းနိုင်
(ဥက္ကဋ္ဌ)
Date of Appointment : 8.10.2015
Last Re elected : 11.12.2022



ဦးကျော်ဝင်း
(ဒု-ဥက္ကဋ္ဌ)
Date of Appointment : 9.7.2014
Last Re elected : 30.12.2024



ဦးတင်ညွန့်
(မန်နေဂျင်းဒါရိုက်တာ)
Date of Appointment : 9.7.2014
Last Re elected : 30.12.2023



ဦးဘုန်းဝင်း
(ဒါရိုက်တာ)
Date of Appointment : 30.4.2013
Last Re elected : 26.3.2017



ဦးဝင်းမင်းလွင်
(ဒါရိုက်တာ)
Date of Appointment : 30.4.2013
Last Re elected : 11.12.2022



ဦးကျော်ဇော်ဝင်း
(ဘဏ္ဍာရေးဒါရိုက်တာ)
Date of Appointment : 11.12.2022
Last Re elected : 30.12.2024



ဦးဘဏ်ဟိန်း
(ဒါရိုက်တာ)
Date of Appointment : 11.12.2022
Last Re elected : 30.12.2024

## လွပ်လပ်သောဒါရိုက်တာ (၂)ဦး



ဦးတင်မောင်ဆွေ
Independent Director
Date of Appointment : 23.9.2021



ဒေါ်ခင်အေး
Independent Director
Date of Appointment : 23.9.2021

## ကော်မတီများဖွဲ့စည်းခြင်း

ကုမ္ပဏီ၏လုပ်ငန်းများအား ကဏ္ဍအလိုက် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်နှင့် ထိရောက်မှုရှိသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဖြစ်စေရေးကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ သီးခြားလွတ်လပ်သော ဒါရိုက်တာ (၂)ဦးအား ခန့်အပ်ပြီး အောက်ဖော်ပြပါ ကော်မတီ (၄)ခုတို့တွင် အသီးသီးတာဝန်များခွဲဝေ၍ အဖွဲ့ဝင် ဒါရိုက်တာများဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သီးခြားလွတ်လပ်သော ဒါရိုက်တာ (၂)ဦး ခန့်အပ်ခြင်းနှင့် ကော်မတီများဖွဲ့စည်းခြင်းကို (၂၁-၁၂-၂၀၂၅) ရက်နေ့တွင်ကျင်းပမည့် ဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေး၌ တင်ပြ၍ ခန့်အပ်ခြင်းကို အတည်ပြုသွားမည်ဖြစ်ပါသည်-

### (1) Nomination & Remuneration Committee

| | |
|---|---|
| <u>အဖွဲ့ခေါင်းဆောင်</u><br>- ဦးတင်မောင်ဆွေ<br>(Independent Director)<br><u>အဖွဲ့ဝင်များ</u><br>- ဦးယဉ်ဝင်းနိုင်<br>- ဦးတင်ညွန့်<br>- ဦးဘုန်းဝင်း | Nomination Committee ၏ အဓိက လုပ်ငန်းဆောင်တာမှာ ကုမ္ပဏီ၏ လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာမဟာဗျူဟာနှင့် ကုမ္ပဏီ၏ မြင့်မားသည့်စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒချမှတ်ခြင်းအတွက် တရားမျှတပြီး ပွင့်လင်းမြင်သာသော လုပ်ထုံးလုပ်နည်းတစ်ရပ်ကို ဖော်ဆောင်ရာတွင် ဒါရိုက်တာဘုတ်အဖွဲ့အား ကူညီပေးရန်နှင့်ဆုံးဖြတ်ရန်၊ ကုမ္ပဏီ၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်များအား ပံ့ပိုးပေးရန်ဖြစ်သည်။<br>Remuneration Committee ဖွဲ့စည်းခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဒါရိုက်တာများ၏ ခံစားခွင့်နှင့်ပတ်သက်သော မူဝါဒချမှတ်ခြင်းအတွက် တရားဝင် ပွင့်လင်းမြင်သာသော လုပ်ထုံးလုပ်နည်းကို ထိန်းသိမ်းဖော်ဆောင်ရန်နှင့်ဒါရိုက်တာများအားလုံးအတွက် သင့်လျော်သောအခကြေးငွေ အစီအစဉ်များကို ဆုံးဖြတ်ရာတွင် ဒါရိုက်တာဘုတ်အဖွဲ့အား ကူညီပေးရန်ဖြစ်သည်။ Remuneration Committee သည် လုပ်ငန်း၏ မဟာဗျူဟာရည်မှန်းချက်များကို ပံ့ပိုးပေးပြီး စည်းမျဉ်းများနှင့် စည်းမျဉ်းများ အားလုံးကို လိုက်နာစဉ်တွင် အကြီးတန်းအမှုဆောင်များကို ခေါ်ယူခြင်း၊ လှုံ့ဆော်မှုနှင့် ထိန်းသိမ်းခြင်းတို့ကို လုပ်ဆောင်နိုင်စေရန် ဖြစ်ပါသည်။ |

### (2) Audit & Risk Management Committee

| | |
|---|---|
| <u>အဖွဲ့ခေါင်းဆောင်</u><br>- ဒေါ်ခင်အေး<br>(Independent Director)<br><u>အဖွဲ့ဝင်များ</u><br>- ဦးယဉ်ဝင်းနိုင်<br>- ဦးကျော်ဝင်း<br>- ဦးတင်ညွန့် | ကုမ္ပဏီစာရင်းစစ်ကော်မတီ၏ အဓိကရည်ရွယ်ချက်မှာ ဘဏ္ဍာရေးအစီရင်ခံခြင်းလုပ်ငန်းစဉ်၊ ပြင်ပစာရင်းစစ် လုပ်ငန်းစဉ်၊ ကုမ္ပဏီတွင်း ထိန်းချုပ်မှုစနစ်နှင့် ဥပဒေများနှင့် စည်းမျဉ်းများနှင့်အညီ ကြီးကြပ်ပေးရန် ဖြစ်သည်။<br>Risk Management Committee သည် ကုမ္ပဏီ၏ ဆုံးရှုံးနိုင်ချေအန္တရာယ်ဆိုင်ရာမူဝါဒများနှင့် ဆက်စပ်အလေ့အကျင့်များကို စောင့်ကြည့်ခြင်းနှင့် အတည်ပြုခြင်းအတွက် အလုံးစုံတာဝန်ရှိသည်။ ဆုံးရှုံးနိုင်ချေအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် အများသူငှာ စာရွက်စာတမ်းများ သို့မဟုတ် ထုတ်ဖော်ပြောဆိုမှုများ ကို ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုရန်လည်း တာဝန်ရှိ ပါသည်။ |

## (3) Legal & Compliance Committee

<u>အဖွဲ့ခေါင်းဆောင်</u>

- ဒေါ်ခင်အေး

(Independent Director)

<u>အဖွဲ့ဝင်များ</u>

- ဦးယဉ်ဝင်းနိုင်
- ဦးဘုန်းဝင်း
- ဦးဝင်းမင်းလွင်

Legal & Compliance Committee သည် လိုအပ်သည့်အခါတိုင်း ဘုတ်အဖွဲ့အား ဥပဒေရေးရာ ကျွမ်းကျင်မှုများပေးအပ်ရန်နှင့် ဥပဒေရေးရာကိစ္စရပ်များနှင့် စပ်လျဥ်းသည့် အကြံပြုချက်များ ပေးရန်၊ နိုင်ငံတကာ အပါအဝင် သက်ဆိုင်ရာ ဥပဒေဆိုင်ရာ ပြောင်းလဲနေမှုများကို ဘုတ်အဖွဲ့ အားအသိပေးရန်၊ ကော်ပိုရိတ် လူမှုရေး တာဝန်ယူမှု၊ တာဝန်ခံမှု စသည့် ကိစ္စရပ်များပါဝင်သည့် သဘောတူညီချက်များ၊ တာဝန်နှင့် သက်ဆိုင်သောကိစ္စများ အကြံပြုရန် ဆောင်ရွက်ရန်၊
ဥပဒေရေးရာ လိုက်နာမှုဆိုင်ရာ ကိစ္စရပ်များအတွက် ဘုတ်အဖွဲ့သို့ သုံးသပ်တင်ပြရန် သို့မဟုတ် အကြံပြုရန်၊ ကြီးကြပ်ရန်၊ ဘုတ်အဖွဲ့နှင့် ဘုတ်အဖွဲ့ ၏ ကော်မတီများသို့ အကြံဉာဏ်များ ပေးရန်၊ ကုမ္ပဏီ၏ အရေးပါသော ဥပဒေရေးရာကိစ္စရပ်များကို ဘုတ်အဖွဲ့အဆင့် ကြီးကြပ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ပေးရန်၊ ကော်မတီသည် ဥပဒေအရလိုက်နာဆောင်ရွက်ခြင်းများ အတွက် ဆုံးရှုံးနိုင်ချေအန္တရာယ်ရှိသည့် ဧရိယာများကို အကဲဖြတ်ရန် ဦးစားပေးလုပ်ဆောင်ရန် တာဝန်ရှိပါသည်။
Compliance program လိုက်နာမှု အစီအစဉ်၏ အကောင်းဆုံးအလေ့အကျင့်များကိုမျှဝေခြင်းနှင့် ကုမ္ပဏီတစ်ခုလုံး Compliance ဆိုင်ရာ လုပ်ဆောင်မှုများ၏ ထိရောက်မှုတိုးမြှင့်ရန်အတွက် လုပ်ငန်းတစ်ခုလုံးနှင့်သက်ဆိုင်သော ပစ္စည်းကရိယာများ Tools နှင့် စောင့်ကြည့်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်မှုအတွက်တာဝန်ရှိသည်။
ကော်မတီ၏ ဥပဒေအရ လိုက်နာဆောင်ရွက်နိုင်မှု ဆုံးရှုံးနိုင်ချေအကဲဖြတ်ခြင်းကို ဒါရိုက်တာ ဘုတ်အဖွဲ့၏ အကြီးတန်းစီမံခန့်ခွဲမှု ကြီးကြပ်ရေးကော်မတီနှင့် စာရင်းစစ်ကော်မတီတို့ သို့ နှစ်စဉ်မျှဝေပေးရန်ဖြစ်ပါသည်။

## (4) Business Development Committee

<u>အဖွဲ့ခေါင်းဆောင်</u>

- ဦးတင်မောင်ဆွေ

(Independent Director)

<u>အဖွဲ့ဝင်များ</u>

- ဦးယဉ်ဝင်းနိုင်
- ဦးကျော်ဇော်ဝင်း
- ဦးဘဏ်ဟိန်း

၁။ ကုမ္ပဏီ၏ အောက်ပါ တိုးတက်မှုဆိုင်ရာ မဟာဗျူဟာများ ဖွံ့ဖြိုးတိုးတက်မှုနှင့် အကောင်အထည်ဖော်မှုကို ပြန်လည်သုံးသပ်ရန်နှင့် ကြီးကြပ်ရန်ဖြစ်သည်။
(က) တိုးတက်မှု အခြေအနေများကို ဖော်ထုတ်ခြင်း၊
(ခ) လုပ်ငန်းပုံစံအသစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊
(ဂ) အခြားကုမ္ပဏီများနှင့် မဟာဗျူဟာမြောက် မဟာမိတ်ဖွဲ့ခြင်း၊
(ဃ) မဟာဗျူဟာမြောက် အစုရှယ်ယာ သို့မဟုတ် ကြွေးမြီရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်း၊
၂။ (က) မဟာဗျူဟာမြောက်ဖွံ့ဖြိုးတိုးတက်နေမှုများတွင် ရင်းနှီးမြှုပ်နှံသွားရန်များ သို့မဟုတ်
(ခ) လုပ်ငန်းဝယ်ယူခြင်း သို့မဟုတ် အစုရှယ်ယာများပြန်လည်နုတ်သိမ်းခြင်းများနှင့် စပ်လျဉ်း၍ ဘုတ်အဖွဲ့အား ပြန်လည်သုံးသပ်ပြီး အကြံပြုချက်များ ပေးရန်၊ ယင်း ကိစ္စရပ်တစ်ခုစီအတွက် ဥပဒေအရ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံပုဒ်မများအရ သို့မဟုတ် ကုမ္ပဏီစည်းမျဉ်းများအရ သို့မဟုတ် ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်များအရ ဆောင်ရွက်သွားရန်၊
၃။ ဘုတ်အဖွဲ့မှ အခါအားလျော်စွာ ပေးအပ်ထားသော အခြားတာဝန်များ သို့မဟုတ် ဝတ္တရားများကို ဆောင်ရွက်ရန် ဖြစ်ပါသည်။

# CORPORATE GOVERNANCE

## ဒါရိုက်တာဘုတ်အဖွဲ့၏ အစည်းအဝေးကျင်းပမှုအခြေအနေ

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (နဝမအကြိမ်မြောက် AGM သက်တမ်းကာလ) နှစ်များအတွင်း ဒါရိုက်တာဘုတ်အဖွဲ့အနေဖြင့် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ချက်များအားလေ့လာသုံးသပ်ခြင်း၊ ဘဏ္ဍာရေးကိစ္စရပ်များ စီမံခန့်ခွဲခြင်း၊ ကုမ္ပဏီ၏စီမံကိန်းလုပ်ငန်းများအား ညှိနှိုင်းကွပ်ကဲ ညွှန်ကြား ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နိုင်ရန်အတွက် အစည်းအဝေးများအား အောက်ပါအတိုင်း ပြုလုပ်ကျင်းပနိုင်ခဲ့ပါသည်-

| Board of Director Meeting | 4 Times |
|---|---|
| Nomination & Remuneration Committee | 1 Time |
| Audit & Risk Management Committee | 1 Time |
| Legal & Compliance Committee | 1 Time |
| Business Development Committee | 1 Time |





# စီမံကိန်းများအကောင်အထည်ဖော်မှုစီမံခန့်ခွဲခြင်း

ဒါရိုက်တာအဖွဲ့ နှင့် အထူးပြုကော်မတီများ၏ ခိုင်မာသောကြီးကြပ်မှုအောက်တွင် ကုမ္ပဏီ၏ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်-

## ❑ Organization Structure



# ဒါရိုက်တာအဖွဲ့၏တင်ပြချက်

၂၀၂၅ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာနှစ်ရှိ ဒါရိုက်တာအဖွဲ့၏ တင်ပြချက်များကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ ပြုစုထားပါသည်။

(၁) ဒါရိုက်တာအဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ပြီးစီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီလုပ်ငန်း၏ ဝင်ငွေများ တိုးပွားရရှိစေရန်အတွက် ရောင်းချရန်ကျန်ရှိသည့် Infrastructure ပြီးစီးသည့် သတ်မှတ်ထားသော အိမ်ရာကွက်များအား ထပ်မံရောင်းချခြင်း၊ MEZ အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ နှင့် ပြင်ပကုမ္ပဏီလုပ်ငန်းများသို့ ရေပေးဝေရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ လမ်း၊ ရေ၊ မီး Infrastructure ဆောင်ရွက်ပြီးသည့် အနာဂတ်ကြယ်စင် (၃) အိမ်ရာစီမံကိန်းမှ မြေကွက်များအား မြေဝယ်ယူသူများထံ အပ်နှံပြီးစီးခြင်း၊ မြိတ်စီးပွားရေးဇုန်အတွင်း လျှပ်စစ်ဓါတ်အားသုံးစွဲမှုကို အထောက်အကူပြုစေရန်အတွက် 30KW နှင့် 40KW On Grid Solar system များ တပ်ဆင်ဆောင်ရွက်ခြင်း တို့ကို လုပ်ဆောင်နိုင်ခဲ့ပါသည်။

(၂) အစုရှယ်ယာအမြတ်ခွဲဝေခြင်း

ကုမ္ပဏီ၏ ၂၀၂၄-၂၀၂၅ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် လုပ်ငန်းအမြတ်ဝေစု နှင့် ပတ်သက်၍ ဘဏ္ဍာရေးရှင်းတမ်းများအရ နှစ်အတွင်းလုပ်ငန်းလုပ်ဆောင်မှု အမြတ်ငွေကျပ် (၂၁၅,၃၇၀,၉၁၁.၅၁) ရရှိခဲ့ပြီး ၊ နှစ်အလိုက်စုဆောင်းထားသော မခွဲဝေရသေးသောအမြတ်ငွေကျပ် - (၁,၇၀၈,၈၀၆,၆၅၉.၆၂) ထဲမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ကျပ်တစ်သောင်းတန် အစုရှယ်ယာ(၁)စု လျှင် ငွေကျပ်- ၅၀၀ (ကျပ်ငါးရာတိတိ) ဖြင့် အစုရှယ်ယာရှင်များထံသို့ အညီအမျှခွဲဝေပေးမည်ဖြစ်ကြောင်း ကြေငြာပေးရန်အတွက် (၁၈-၁၀-၂၀၂၅) ရက်နေ့တွင်ပြုလုပ်ခဲ့သည့် ဒါရိုက်တာ ဘုတ်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၌ ဒါရိုက်တာများအားလုံးမှ သဘောတူဆုံးဖြတ်ခဲ့ပြီး ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၁)ရက်နေ့တွင် ကျင်းပမည့် ဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတွင် တင်ပြကြေငြာပေးသွားမည် ဖြစ်ပါသည်။

(၃) အရေးပါသည့် ရောင်းဝယ်လွှဲပြောင်းမှုများအပါအဝင်ကိစ္စရပ်များ

မိမိတို့အစီရင်ခံတင်ပြသည့် ကာလအတွင်း၌ ဒါရိုက်တာအဖွဲ့၏ သဘောတူခွင့်ပြုချက်လိုအပ်သော အရေးပါသည့် ရောင်းဝယ်လွှဲပြောင်းမှုများအပါအဝင်ကိစ္စရပ်များ မရှိပါကြောင်း အသိပေးအပ်ပါသည်။

(၄) ဒါရိုက်တာတစ်ဦးချင်းစီ၏ ဆောင်ရွက်မှုအခြေအနေ

ကုမ္ပဏီနှင့်ဆက်စပ်သည့်အဖွဲ့အစည်းများမှအပ အခြားကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့များတွင် ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဒါရိုက်တာ သို့မဟုတ် ဆက်နွယ်သူများအတွက် Risk Management Committee မှ Review လုပ်ခြင်း၊ ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်၊ အတည်ပြုချက်လိုအပ်ပါက ဆက်သွယ်ပါဝင်ပတ်သက်သူ မပါဝင်သောအဖွဲ့ဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိစေရန် ဖော်ထုတ်ရေးသားခြင်း၊ အစုရှယ်ယာရှင်များအစီရင်ခံစာတွင် ဖော်ပြသွားရန် စနစ်တကျ စီစဉ်ထားရှိပါသည်။

(၅) ဒါရိုက်တာအသစ်များရွေးချယ် ခန့်အပ်ခြင်း

ကုမ္ပဏီ၏ လူ့စွမ်းအား အရင်းအမြစ် ဆိုင်ရာမဟာဗျူဟာနှင့် ကုမ္ပဏီ၏ မြင့်မားသည့်စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒချမှတ်ခြင်းအတွက် တရားမျှတပြီး ပွင့်လင်းမြင်သာသော လုပ်ထုံးလုပ်နည်းတစ်ရပ်ကို ဖော်ဆောင်ရာတွင် ဒါရိုက်တာဘုတ်အဖွဲ့အား ကူညီပေးရန်နှင့်ဆုံးဖြတ်ရန် အတွက် Nomination Committee မှ သတ်မှတ်အရည်အချင်းနှင့် ပြည့်ဝသည့် ဒါရိုက်တာများအား ရွေးချယ်စိစစ်ပြီး နှစ်စဉ်ကျင်းပသည့် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ရှယ်ယာရှင်များ၏ သဘောဆန္ဒမဲဖြင့် ဒါရိုက်တာဘုတ်အဖွဲ့ကို ခန့်အပ်စေလျက်ရှိပါသည်။ လက်ရှိ ဒါရိုက်တာအဖွဲ့ဝင် (၇)ဦးအနက်မှ ယခု AGM သက်တမ်းကာလတွင် အလှည့်ကျနုတ်ထွက်ဒါရိုက်တာ (၃)ဦးရှိပြီး လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ကာလအတွက် ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့အား (၇)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အသိပေးအပ်ပါသည်။

(၆) ဒါရိုက်တာများ၏ အကျိုးခံစားခွင့်

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဒါရိုက်တာများ၏ ကုမ္ပဏီအစည်းအဝေးများ တက်ရောက်သည့် ကုန်ကျစရိတ်မှလွဲ၍ ဒါရိုက်တာများအတွက် အခြေခံလစာပေးအပ်ခဲ့ခြင်းမရှိကြောင်း တင်ပြအပ်ပါသည်။ သို့ရာတွင် အခြားအကျိုးခံစားခွင့်အနေနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း နေ့စဉ်လုပ်ငန်းဆောင်တာများနှင့် စီးပွားရေး လုပ်ငန်းလည်ပတ်မှုများကို ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ပေးခဲ့သော ဒါရိုက်တာအဖွဲ့ဝင် (၂) ဦး သည် လုပ်ငန်းအောင်မြင်ရေး အတွက် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သောကြောင့် (၁၈-၁၀-၂၀၂၅) ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ဒါရိုက်တာဘုတ်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) မှ ၎င်းတို့ (၂) ဦး အား ဥာဏ်ပူဇော်ခ အဖြစ် စုစုပေါင်းငွေကျပ် သိန်း (၆၀၀) ကို ပေးအပ်ချီးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြောင်း တင်ပြအပ်ပါသည်။

(၇) ပြင်ပစာရင်းစစ်အဖွဲ့ခန့်အပ်ခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) အရ ကုမ္ပဏီ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ကာလအတွက် ပြင်ပစာရင်းစစ် အဖြစ် U Than Aung & Associates အား ခန့်အပ်နိုင်ရန်အတွက် ဒါရိုက်တာအဖွဲ့မှ ဒဿမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များထံမှ ဆုံးဖြတ်ချက်ရယူသွားမည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် မိမိတို့အစီရင်ခံတင်ပြသည့် ကာလအတွင်း၌ သိသာထင်ရှားသော ပြောင်းလဲမှုများ မရှိပါကြောင်း နှင့် ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ပြီး နောက်ပိုင်းကာလတွင် အရေးပါသောပြောင်းလဲမှုများမရှိကြောင်း တင်ပြအပ်ပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့

MFD Public Company Limited

# BUSINESS

## ကွန်ကရစ်ဖျော်စက်ရုံလုပ်ငန်း













- ကုမ္ပဏီပိုင်လုပ်ငန်းတစ်ခုဖြစ်သည့် ကွန်ကရစ်ဖျော်စက်ရုံ (Batching Plant) မှ ကုမ္ပဏီပိုင် လမ်း၊ တံတား၊ အဆောက်အဦ နှင့် စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် ကွန်ကရစ်များကို ထုတ်လုပ်လျက်ရှိသည့်အပြင် ပြင်ပဆောက်လုပ်ရေးလုပ်ငန်းများအတွက် စံချိန်စံညွှန်းမီသည့် အရည်အသွေးမြင့် ကွန်ကရစ်များအား ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။
- စီမံကိန်းများ၏ အရည်အသွေးကို မြှင့်တင်ရန် တည်ဆောက်ခဲ့သည့် Batching Plant သည် စက်မှုဇုန်အတွက်သာမက **မြိတ်မြို့နယ် တစ်ခုလုံးရှိ ဆောက်လုပ်ရေးလုပ်ငန်းများ** အတွက်ပါ ကွန်ကရစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် တိုးချဲ့ဝန်ဆောင်မှုပေးနိုင်စေရန် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိပါသည်။

# BUSINESS



**လျှပ်စစ်မီးသွယ်တန်းခြင်း**

- မြိတ်စီးပွားရေးဇုန်စီမံကိန်းအတွင်း လျှပ်စစ်မီးရရှိရေးအတွက် 200 KVA Transformer (၁)လုံး၊ 315 KVA Transformer (၁)လုံးနှင့် 500 KVA Transformer (၁)လုံးတို့ဖြင့် စီမံကိန်းဧရိယာတစ်ခုလုံးသို့ လျှပ်စစ်မီး ဖြန့်ဝေသွယ်တန်းထားရှိပါသည်။ ထို့အပြင် ဇုန်အတွင်း လျှပ်စစ်ဓါတ်အားသုံးစွဲမှုကို အထောက်အကူပြုစေရန် အတွက် 30KW နှင့် 40KW On Grid Solar system များဖြင့် တပ်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

# BUSINESS











## ရေပေးဝေရေးလုပ်ငန်း

မြိတ်စီးပွားရေးဇုန်စီမံကိန်းအတွင်း ရေလုံလောက်စွာထောက်ပံ့ပေးနိုင်ရန်အတွက် အနာဂတ်ကြယ်စင်(၁)အိမ်ရာ စီမံကိန်းအတွင်း၌ မိုးရေခံကန် (၃)ကန်၊ အနာဂတ်စိန်ပွင့် အိမ်ရာတွင် မိုးရေခံကန် (၂)ကန် တူးဖော်ပြီးစီးခဲ့ပြီး ဂါလံ(၆၀၀၀၀) နှင့် ဂါလံ(၁၀၀၀၀)ဆံ့ ကွန်ကရစ်ရေစင် တို့ကိုတည်ဆောက်၍ 4" PVC ပိုက် များဖြင့်သွယ်တန်းပြီး မြိတ်စီးပွားရေးဇုန် စီမံကိန်းဧရိယာ တစ်ခုလုံးသို့ ရေဖြန့်ဝေပေးလျက်ရှိပါသည်။

# Residential Zone












**Future Star (1), Future Star (2) , Future Star (3) Housing**

# Port Zone & Economic Zone















# နိုင်ငံတော်သို့ ဘဏ္ဍာရေးနှစ်အလိုက် အခွန်ပေးဆောင်မှုအခြေအနေ

ကုမ္ပဏီသည် **နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ဆောင်ရွက်သည့် အနေဖြင့်** ကုမ္ပဏီစီးပွားရေးလုပ်ငန်းများမှ ရရှိလာသော ဝင်ငွေများအပေါ် သက်ဆိုင်ရာ အခွန်ဥပဒေများနှင့်အညီ **နိုင်ငံတော်သို့ အခွန်အခများ ပုံမှန်ထမ်းဆောင်လျက်ရှိပါသည်။**

| စဉ် | လုပ်ငန်းနှစ် | အခွန် စည်းကြပ်နှစ် | ကုန်သွယ် လုပ်ငန်းခွန် | ဝင်ငွေခွန် | စုစုပေါင်း (ကျပ်) |
|---|---|---|---|---|---|
| ၁။ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | အခွန်စည်းကြပ်မှုမရှိ | အခွန်စည်းကြပ်မှုမရှိ | - |
| ၂။ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၁,၃၇၇,၃၄၆ | ၆၀၇,၄၀၉ | ၁,၉၈၄,၇၅၅ |
| ၃။ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၃၁၉,၆၉၄,၉၉၆ | ၁၁၆,၂၆၇,၈၀၇ | ၄၃၅,၉၆၂,၈၀၃ |
| ၄။ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၄၀၀,၇၃၉,၉၉၉ | ၁၃၃,၆၇၃,၉၇၅ | ၅၃၄,၄၁၃,၉၇၄ |
| ၅။ | ၂၀၁၈-၂၀၁၉ | ၂၀၁၉ | ၃၄၆,၅၂၀,၇၃၇ | ၂၄၃,၂၈၀,၂၆၆ | ၅၈၉,၈၀၁,၀၀၃ |
| ၆။ | ၂၀၁၉ Mini | ၂၀၁၉-၂၀၂၀ | ၁၂,၅၉၉,၂၆၆ | ၇,၂၉၇,၅၆၀ | ၁၉,၈၉၆,၈၂၆ |
| ၇။ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၁၉၁,၅၀၀,၀၄၂ | ၁၂၉,၄၉၃,၂၀၃ | ၃၂၀,၉၉၃,၂၄၅ |
| ၈။ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၆၁,၇၉၁,၂၇၈ | ၃၄,၆၄၉,၀၆၂ | ၉၆,၄၄၀,၃၄၀ |
| ၉။ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | ၅၇,၁၃၃,၇၃၀ | ၃၈,၀၄၈,၉၀၇ | ၉၅,၁၈၂,၆၃၇ |
| ၁၀။ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ | ၂၆,၁၆၆,၄၂၂ | ၂၀,၉၂၉,၀၇၀ | ၄၇,၀၉၅,၄၉၂ |
| ၁၁။ | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ | ၁၄၇,၁၄၉,၄၀၉ (လျာထား) | ၆၀,၇၄၅,၆၄၂ (လျာထား) | ၂၀၇,၈၉၅,၀၅၁ |
| | | | **၁,၅၆၄,၆၇၃,၂၂၅** | **၇၈၄,၉၉၂,၉၀၁** | **၂,၃၄၉,၆၆၆,၁၂၆** |

# ကုမ္ပဏီ၏ လူမှုတာဝန်ယူမှုလုပ်ငန်းရပ်များ

| စဉ် | ဘဏ္ဍာရေးနှစ် | လမ်း/တံတား ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း | ပရဟိတနှင့်ဒေသဖွံ့ဖြိုးရေး လှူဒါန်းငွေများ | စုစုပေါင်း |
|---|---|---|---|---|
| | | (ကျပ်) | (ကျပ်) | (ကျပ်) |
| ၁။ | ၂၀၁၄-၂၀၁၅ | | ၁၆,၄၆၅,၃၂၅ | ၁၆,၄၆၅,၃၂၅ |
| ၂။ | ၂၀၁၅-၂၀၁၆ | | ၃၃,၅၆၈,၇၅၄ | ၃၃,၅၆၈,၇၅၄ |
| ၃။ | ၂၀၁၆-၂၀၁၇ | ၂၃၅,၄၁၃,၅၉၅ | ၅၇,၅၅၀,၃၅၀ | ၂၉၂,၉၆၃,၉၄၅ |
| ၄။ | ၂၀၁၇-၂၀၁၈ | ၂၉၈,၇၅၇,၄၇၄ | ၂၆,၀၂၆,၆၂၉ | ၃၂၄,၇၈၄,၁၀၃ |
| ၅။ | ၂၀၁၈-၂၀၁၉ | ၃၈၂,၁၃၇,၀၆၅ | ၄၉,၅၆၉,၉၅၀ | ၄၃၁,၇၀၇,၀၁၅ |
| ၆။ | ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ | ၂၀၆,၅၃၀,၉၉၂ | ၁၀,၀၉၀,၉၀၀ | ၂၁၆,၆၂၁,၈၉၂ |
| ၇။ | ၂၀၁၉-၂၀၂၀ | ၂၈၀,၃၉၄,၈၈၈ | ၁၆,၀၉၄,၈၀၀ | ၂၉၆,၄၈၉,၆၈၈ |
| ၈။ | ၂၀၂၀-၂၀၂၁ | ၇၄,၅၈၃,၁၆၀ | ၃၃,၂၁၃,၉၄၉ | ၁၀၇,၇၉၇,၁၀၉ |
| ၉။ | ၂၀၂၁-၂၀၂၂ | ၇၂,၃၁၁,၀၁၃ | ၁၇,၈၀၁,၈၅၄ | ၉၀,၁၁၂,၈၆၇ |
| ၁၀။ | ၂၀၂၂-၂၀၂၃ | ၂၁,၁၉၉,၀၇၂ | ၃၇,၄၉၃,၁၅၅ | ၅၈,၆၉၂,၂၂၇ |
| ၁၁။ | ၂၀၂၃-၂၀၂၄ | ၄,၄၂၉,၀၀၀ | ၇၆,၀၅၅,၄၉၀ | ၈၀,၄၈၄,၄၉၀ |
| ၁၂။ | ၂၀၂၄-၂၀၂၅ | - | ၃၁,၉၃၅,၈၇၅ | ၃၁,၉၃၅,၈၇၅ |
| | | **၁,၅၇၅,၇၅၆,၂၅၉** | **၄၀၅,၈၆၇,၀၃၁** | **၁,၉၈၁,၆၂၃,၂၉၀** |

# ကုမ္ပဏီ၏ လူမှုတာဝန်ယူမှုလုပ်ငန်းရပ်များ

















# Awards















ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဂုဏ်ပြုမှတ်တမ်းလွှာ

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ကြောင့် ဘေးသင့်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် Myeik Future Development (MFD Co.,Ltd) မှ ကျပ် ၅၀၀၀၀၀၀၀ (ကျပ် သိန်းငါးရာ တိတိ) ကို စေတနာသဒ္ဓါထက်သန်စွာ လှူဒါန်းပါသောကြောင့် ဤမှတ်တမ်းလွှာဖြင့် ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

၂၀၂၃ ခုနှစ်၊ မေလ ၂၀ ရက်









# မြိတ်အနာဂါတ် ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

ဘဏ္ဍာရေးရှင်းတမ်းများ

၂၀၂၅ ခုနှစ်၊ မတ် လ (၃၁) ရက်

ငွေကြေး- မြန်မာကျပ်


**U THAN AUNG & ASSOCIATES**
**Accounting, Auditing & Consultancy Services**
**09-443244225,09-250499288**

MYEIK FUTURE DEVELOPMENT

MYEIK FUTURE DEVELOPMENT PUBLIC COMPANY LIMITED

Sein Pan War Street, Myeik Economic Zone, Kantharyar Quarter, Myeik, Tanintharyi Region, Myanmar.
Tel: 09 79350 7444, Tel:&Fax: 059 42856, E-mail: mfdmyeik@gmail.com

## စီမံအုပ်ချုပ်မှုအဖွဲ့၏အစီရင်ခံစာ

မြိတ်အနာဂါတ် ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၅ ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေ နှင့် ထိုနေ့ကုန်ဆုံးသော ကာလအတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးလုပ်ဆောင်မှု ရလဒ် နှင့် ငွေသားစီးဆင်းမှု အခြေအနေများ ကို မှန်ကန်လုံလောက်စွာ ပြသထားသော ဘဏ္ဍာရေးရှင်းတမ်းများ ပြုစုရေးဆွဲရန် စီမံအုပ်ချုပ်မှုအဖွဲ့တွင် တာဝန်ရှိပါသည်။

ထိုသို့ ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲတင်ပြရာတွင် စီမံအုပ်ချုပ်မှုအဖွဲ့အနေဖြင့် အောက်ပါအချက်များကို လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။

- ကုမ္ပဏီနှင့် သင့်တော်သောမူဝါဒများကို ရွေးချယ်ကျင့်သုံးခြင်း နှင့် ၎င်းမူဝါဒများကို အပြောင်းအလဲမရှိ စဉ်ဆက်မပြတ် ဆောင်ရွက်သွားခြင်း၊
- အကျိုးအကြောင်းခိုင်လုံ၍ ရှေ့အနာဂါတ်အလားအလာများကို ပါထည့်သွင်းစဉ်းစားထားသည့် ဆုံးဖြတ်ချက်များဖြင့် ဆောင်ရွက်ခြင်း၊
- မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပုဒ်မ (၂၆၄)၊ (၂၅၈)နှင့်အညီ လက်မှတ်ရေးထိုးဆောင်ရွက်ထားရှိခြင်း၊

စီမံအုပ်ချုပ်မှုအဖွဲ့အနေဖြင့် ကုမ္ပဏီ၏ တိကျမှန်ကန်သော ဘဏ္ဍာရေးအခြေအနေကို အချိန်မရွေး ရှင်းပြတင်ပြနိုင်သည့် သင့်တော်သော စာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန်လည်း တာဝန်ရှိပါသည်။

ကုမ္ပဏီမှ ပိုင်ဆိုင်သော ငွေကြေးများ ၊ ပုံသေပိုင်ပစ္စည်းများကို လေလွင့်ပျက်စီးပျောက်ဆုံးခြင်း ၊ အလွဲသုံးစားပြုလုပ်ခြင်း နှင့် ၊ အခြားမသမာမှုများ ပြုလုပ်ခြင်းတို့မှ ကာကွယ်ရန် စဉ်ဆက်မပြတ် စောင့်ကြည့်သောအစီအစဉ်များ ချမှတ်ဆောင်ရွက်ထားရန်လည်း တာဝန်ရှိပါသည်။

အောက်တွင် လက်မှတ်ရေးထိုးကြသော ကျွန်တော်/ကျွန်မ တို့က ကုမ္ပဏီသည် မိမိကြွေးမြီများကို စေ့ရောက်သည့်အချိန်တွင် ပေးချေနိုင်စွမ်းရှိပြီး ရရန်ရှိစာရင်းများသည်လည်း ခိုင်မာ၍ ပြန်လည်တောင်းခံရရှိနိုင်သည်ဟု ယုံကြည်ပါသည်။

**စီမံအုပ်ချုပ်သူများကိုယ်စား**

YIN WIN NAING
Chairman
MYEIK FUTURE DEVELOPMENT PUBLIC CO.,LTD.

TIN NYUNT
Managing Director
MYEIK FUTURE DEVELOPMENT PUBLIC CO., LTD.

19 NOV 2025

**U THAN AUNG & ASSOCIATES**
**Accounting, Auditing & Consultancy Services**
Building (B), Room (102), Kan Taw Lay Housing, Mingalar Taung Nyunt Township, Yangon, Myanmar
Tel: +959-443244225 , +959-250499288, E- mail: than.aung.myr@gmail.com

## စာရင်းစစ်အစီရင်ခံစာ

**အစုရှယ်ယာရှင်များနှင့်ဒါရိုက်တာအဖွဲ့ဝင်များ**

**မြိတ်အနာဂါတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

ကျွန်ုပ်တို့သည် မြိတ်အနာဂါတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ပူးတွဲပါ ဘဏ္ဍာရေးရှင်းတမ်းများ ဖြစ်သော ၂၀၂၅ ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့ရှိ လက်ကျန်ရှင်းတမ်းနှင့် ထိုနေ့ကုန်ဆုံးသော ကာလအကွက် ဝင်ငွေစာရင်းရှင်းတမ်း ၊ အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း ၊ ငွေသားစီးဆင်းမှု ရှင်းတမ်းနှင့်အရေးပါသည့် ဘဏ္ဍာရေးစာရင်းမူဝါဒများနှင့် အခြားရှင်းလင်းချက် မှတ်စုများအား စစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။

**စီမံအုပ်ချုပ်မှုအဖွဲ့၏ ဘဏ္ဍာရေးရှင်းတမ်းများအပေါ်တာဝန်**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပြဋ္ဌာန်းချက်များနှင့် မြန်မာဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့် အညီ ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေကို စနစ်တကျရေးဆွဲပြုစုခြင်း နှင့် ဘဏ္ဍာရေးရှင်းတမ်းများ မှန်ကန်မှုတို့မှာ ကုမ္ပဏီ၏ လုပ်ငန်းစီမံအုပ်ချုပ်မှုအဖွဲ့၏တာဝန်ဖြစ်ပါသည်။အဆိုပါ တာဝန်များတွင် ကုမ္ပဏီ၏ မတည်ပိုင် ပစ္စည်းများအား စနစ်တကျသုံးစွဲရန် ကြီးကြပ်ဆောင်ရွက်ခြင်း နှင့် လုံလောက်သော ခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီ၏ လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များအား လုပ်ဆောင်ခြင်းမပြုနိုင်ရန် ကြီးကြပ်ဆောင်ရွက်ခြင်းစသည့် ဌာနတွင်း ကြီးကြပ်မှု စနစ်အား စနစ်တကျ စီမံဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ထို့အပြင် ကုမ္ပဏီ၏ ဘဏ္ဍာရေး အခြေ အနေမှန်ကို ရေးဆွဲတင်ပြရာတွင် လုပ်ငန်း၏မတည်ပိုင်ပစ္စည်းများ စနစ်တကျထိန်းသိမ်းထားရှိခြင်း နှင့်အတူ ကုမ္ပဏီ၏ လုပ်ငန်းစီမံအုပ်ချုပ်မှုတွင် ထူးခြားအရေးပါသော ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများ ရေးဆွဲချမှတ် ထားခြင်း နှင့် စာရင်း ခန့်မှန်းချက်များ ပြုစုခြင်းတို့ကို စနစ်တကျ သတ်မှတ်ထားရန် တာဝန်ရှိပါသည်။

**စာရင်းစစ်တာဝန်**

စာရင်းစစ်၏တာဝန်မှာ စာရင်းစစ်ချက်များကို အခြေပြုလျှက် ယင်းဘဏ္ဍာရေးရှင်းတမ်းများ အပေါ်ထင်မြင် ယူဆချက်ပေးရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ ပါသည်။ ၎င်းစံများအရ စာရင်းစစ်ဆေးရာတွင် လိုက်နာရမည့် ကျင့်ဝတ်တာဝန်များ နှင့် အညီကုမ္ပဏီ ဘဏ္ဍာရေး ရှင်းတမ်းများသည် အရေးပါသော မှားယွင်းဖော်ပြမှုများ ကင်းရှင်းကြောင်း ၊ ကျိုးကြောင်းဆီလျော်သေချာမှုရှိစေရန် အစီအစဉ်များ ရေးဆွဲပြီး စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

# U THAN AUNG & ASSOCIATES
## Accounting, Auditing & Consultancy Services

**Building (B), Room (102), Kan Taw Lay Housing, Mingalar Taung Nyunt Township, Yangon, Myanmar**
**Tel: +959-443244225 , +959-250499288, E- mail: than.aung.myr@gmail.com**


---

စာရင်းစစ်ဆေးရာ၌ ဘဏ္ဍာရေးရှင်းတမ်းများတွင် ထုတ်ဖော်ပြသချက်များ နှင့် ကျသင့်ငွေများအတွက် အထောက်အထားများရယူလျှက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စမ်းသပ်စစ်ဆေးခြင်းများ ပါဝင်ပါသည်။ထိုသို့ လုပ်ထုံးလုပ်နည်း များ ရွေးချယ်ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးရှင်းတမ်းများ တွင် အရေးပါသော မှားယွင်းမှုများမှာ လိမ်လည်မှု ၊ မှားယွင်းမှုများကြောင့် ဟုတ်မဟုတ် စသည်ဖြင့် ရွေးချယ်ဆုံးဖြတ်ဆောင်ရွက်ချက်များလည်း ပါဝင်ပါသည်။ထို့ပြင် စစ်ဆေးမှုတွင် ကျင့်သုံးနေသောစာရင်းကိုင်မူဝါဒများ၏ ထိရောက်မှုအကဲဖြတ်ခြင်း နှင့် စီမံအုပ်ချုပ်မှုအဖွဲ့၏ ထူးခြားအရေးပါသော စာရင်းခန့်မှန်းချက်များအပြင် ဘဏ္ဍာရေးရှင်းတမ်းများ တင်ပြမှုတို့ အပေါ် ခြုံငုံသုံးသပ်ခြင်းတို့လည်း ပါဝင်ပါသည်။

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ (၂၈၀) နှင့်အညီ ကျွန်ုပ်တို့ အနေဖြင့် စာရင်းစစ်ဆေးရာတွင် ရရှိခဲ့သော အထောက်အထားများသည် စာရင်းစစ်ထင်မြင်ယူဆချက် ပေးရန်အတွက် လုံလောက်သင့်လျော်သည် ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

**စာရင်းစစ်ထင်မြင်ယူဆချက်**

(၁) ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပြဋ္ဌာန်းချက်များနှင့် မြန်မာ ဘဏ္ဍာရေး အစီရင်ခံခြင်းစံများနှင့်အညီ ပြုစုရေးဆွဲထားပြီး ၂၀၂၅ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့ရှိ ကုမ္ပဏီ၏ ဘဏ္ဍာရေး အခြေ အနေနှင့် ထိုနေ့ကုန်ဆုံးသော ကာလအတွက် လုပ်ငန်းရလဒ်များနှင့် ငွေသားစီးဆင်းမှု အခြေအနေ ကို ကျွန်ုပ်တို့ ရရှိသော အချက်အလက်ရှင်းလင်းချက်များနှင့် ကုမ္ပဏီ၏စာရင်းစာအုပ်များအရ မှန်ကန်လုံ လောက်စွာ ဖော်ပြထား ပါကြောင်း ထင်မြင်ယူဆပါသည်။

(၂) ကျွန်ုပ်တို့မှ လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များ အားလုံးရရှိပါသည်။

(၃) ဥပဒေအရထားရှိရန် လိုအပ်သော စာအုပ်များ နှင့် မှတ်တမ်းများကို မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပုဒ်မ (၂၅၈) အရ ထားရှိပါသည်။

U THAN AUNG & ASSOCIATES
No.............
Date...........
★ U T A ★

U Than Aung
B.Com (Q), C.P.A, DCSc
Certified Public Accountant & Auditor

ရန်ကုန်

ရက်စွဲ။ 19 NOV 2025

## မြိတ်အနာဂါတ် ဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်
## ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

*ငွေကြေး-မြန်မာကျပ်*

| ရပိုင်ခွင့်များ | မှတ်စု | ၃၁.၃.၂၀၂၅ | ၃၁.၃.၂၀၂၄ |
|---|---|---|---|
| **လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ** | | | |
| ပုံသေပိုင်ပစ္စည်း | ၃ | ၁,၃၉၆,၅၇၆,၉၈၁.၃၂ | ၁,၂၂၇,၆၉၂,၈၉၀.၇၃ |
| ဆောက်လုပ်ဆဲလုပ်ငန်းများ | ၄ | ၃၃၃,၇၈၄,၈၉၁.၇၆ | ၅,၄၃၆,၃၇၄,၃၉၁.၀၈ |
| လုပ်လက်စလုပ်ငန်းများ | | - | ၂,၂၀၈,၉၇၄,၀၄၆.၅၇ |
| ရင်းနှီးမြှုပ်နှံမှုများ | ၅ | ၃၉,၂၂၀,၈၀၅.၉၂ | ၃၉,၂၂၀,၈၀၅.၉၂ |
| **လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ စုစုပေါင်း** | | **၁,၇၆၉,၅၈၂,၆၇၉.၀၀** | **၈,၉၁၂,၂၆၂,၁၃၄.၃၀** |
| **လက်ငင်းရပိုင်ခွင့်များ** | | | |
| ကုန်ပစ္စည်းလက်ကျန် | ၆ | ၁၃,၃၈၉,၆၇၃,၁၄၉.၆၁ | ၅,၃၆၅,၅၀၅,၇၃၀.၁၃ |
| ကုန်သွယ်မှုနှင့်အခြားရရန်ရှိ | ၇ | ၁,၁၃၁,၀၀၅,၂၁၉.၀၀ | ၁,၂၁၁,၃၄၀,၄၂၇.၀၀ |
| စရံ နှင့် ကြိုတင်ပေးငွေများ | ၈ | ၈,၈၂၅,၀၀၀.၀၀ | - |
| အခြားလက်ငင်းရပိုင်ခွင့်များ | ၉ | ၅၅,၅၆၇,၄၅၂.၆၀ | ၅၃၄,၄၇၈,၆၆၆.၆၀ |
| ငွေ နှင့် ဘဏ်လက်ကျန်များ | ၁၀ | ၈၉၈,၇၁၆,၀၂၂.၇၅ | ၁၀၂,၆၉၁,၆၈၆.၄၆ |
| **လက်ငင်းရပိုင်ခွင့်များ စုစုပေါင်း** | | **၁၅,၄၈၃,၇၈၆,၈၄၃.၉၆** | **၇,၂၁၄,၀၁၆,၅၁၀.၁၉** |
| **ရပိုင်ခွင့်များ စုစုပေါင်း** | | **၁၇,၂၅၃,၃၆၉,၅၂၂.၉၆** | **၁၆,၁၂၆,၂၇၈,၆၄၄.၄၉** |
| **ရင်းနှီးငွေ နှင့် ပေးရန်တာဝန်များ** | | | |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပေးသွင်းပြီး ရင်းနှီးငွေ | ၁၁ | ၁၁,၃၃၂,၇၆၀,၀၀၀.၀၀ | ၁၁,၃၃၂,၇၆၀,၀၀၀.၀၀ |
| မခွဲဝေရသေးသော အမြတ် | ၁၂ | ၁,၇၀၈,၈၀၆,၆၅၉.၆၂ | ၁,၄၁၉,၂၁၄,၁၅၀.၀၅ |
| **ရင်းနှီးငွေ စုစုပေါင်း** | | **၁၃,၀၄၁,၅၆၆,၆၅၉.၆၂** | **၁၂,၇၅၁,၉၇၄,၁၅၀.၀၅** |
| **လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ** | | | |
| ရန်ပုံငွေစာရင်း (ကန်သာယာ) | | ၁၉၇,၄၃၃,၇၂၇.၀၀ | ၂၁၃,၄၂၆,၇၂၇.၀၀ |
| လျာထားစရိတ် | | ၂,၅၇၄,၅၀၈,၁၇၈.၈၂ | ၂,၅၇၄,၅၀၈,၁၇၈.၈၂ |
| **လက်ငင်းမဟုတ်သောပေးရန်တာဝန်များ စုစုပေါင်း** | | **၂,၇၇၁,၉၄၁,၉၀၅.၈၂** | **၂,၇၈၇,၉၃၄,၉၀၅.၈၂** |
| **လက်ငင်းပေးရန်တာဝန်များ** | | | |
| ကုန်သွယ်မှုပေးရန်ရှိ | ၁၃ | ၄၀,၂၁၆,၃၂၂.၀၀ | ၃၈,၁၇၆,၃၂၂.၀၀ |
| အခြားပေးရန်ရှိ | ၁၄ | ၁,၁၂၉,၁၇၄,၅၈၀.၀၀ | ၇၄,၄၂၀,၉၀၅.၆၂ |
| ပေးရန်ရှိမြေ | | ၂,၉၅၀,၀၀၀.၀၀ | ၂,၉၅၀,၀၀၀.၀၀ |
| စရံငွေ | | - | ၆၀၀,၀၀၀.၀၀ |
| ရှေ့ဆိုင်းဝင်ငွေ | | - | ၄၁၀,၅၉၇,၃၅၆.၀၀ |
| ပေးရန်ရှိအခွန်နှင့် အခွန်လျာထားချက် | ၁၅ | ၂၆၇,၅၂၀,၀၅၅.၅၂ | ၅၉,၆၂၅,၀၀၅.၀၀ |
| **လက်ငင်းပေးရန်တာဝန်များ စုစုပေါင်း** | | **၁,၄၃၉,၈၆၀,၉၅၇.၅၂** | **၅၈၆,၃၆၉,၅၈၈.၆၂** |
| **ရင်းနှီးငွေ နှင့် ပေးရန်တာဝန်များ စုစုပေါင်း** | | **၁၇,၂၅၃,၃၆၉,၅၂၂.၉၆** | **၁၆,၁၂၆,၂၇၈,၆၄၄.၄၉** |

-----------------------------
**YIN WIN NAING**
Chairman
MYEIK FUTURE DEVELOPMENT PUBLIC CO.,LTD.

-----------------------------
**TIN NYUNT**
Managing Director
MYEIK FUTURE DEVELOPMENT PUBLIC CO., LTD.

## မြိတ်အနာဂါတ် ဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်

## ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ

## ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း

*ငွေကြေး-မြန်မာကျပ်*

| | *မှတ်စု* | ၁.၄.၂၄-၃၁.၃.၂၅ | ၁.၄.၂၃-၃၁.၃.၂၄ |
|---|---|---|---|
| ဝင်ငွေ | *၁၆* | ၂,၉၆၃,၉၈၈,၁၇၆.၁၉ | ၉၆၂,၅၇၀,၈၁၀.၀၀ |
| ရောင်းကုန်တန်ဖိုး | *၁၇* | (၁,၈၂၉,၅၄၃,၀၆၅.၀၁) | (၄၂၉,၆၆၀,၃၃၁.၁၉) |
| **အကြမ်းအမြတ်/(အရှုံး)** | | ၁,၁၃၄,၄၄၅,၁၁၁.၁၈ | ၅၃၂,၉၁၀,၄၇၈.၈၁ |
| **အခြားဝင်ငွေ** | *၁၈* | ၃၅၃,၁၉၅,၁၇၉.၇၁ | ၂၅၂,၈၂၂,၅၁၈.၀၈ |
| **စီမံအုပ်ချုပ်မှုနှင့် အခြားစရိတ်များ** | | | |
| စီမံအုပ်ချုပ်မှုစရိတ် | *၁၉* | (၁,၁၃၉,၇၉၈,၅၁၀.၉၆) | (၆၇၄,၂၅၄,၅၈၅.၀၃) |
| ဘဏ္ဍာရေးစရိတ်/ဝင်ငွေ | *၂၀* | (၁၅,၉၅၇,၈၉၇.၇၁) | ၈,၇၀၂,၂၉၉.၈၂ |
| တန်ဖိုးလျော့စရိတ် | *၃* | (၅၅,၇၆၇,၃၂၉.၀၀) | (၄၈,၈၃၃,၁၄၂.၀၀) |
| **အခွန်မလျာထားမီ အသားတင်အမြတ်/(အရှုံး)** | | ၂၇၆,၁၁၆,၅၅၃.၂၂ | ၇၁,၃၄၇,၅၆၉.၆၈ |
| ဝင်ငွေခွန်လျာထားငွေ (၂၂%) | | (၆၀,၇၄၅,၆၄၁.၇၁) | (၁၅,၆၉၆,၄၆၅.၃၃) |
| **အခွန်လျာထားပြီးနောက် အမြတ်/(အရှုံး)** | | ၂၁၅,၃၇၀,၉၁၁.၅၁ | ၅၅,၆၅၁,၁၀၄.၃၅ |

------------------------------

YIN WIN NAING
Chairman
MYEIK FUTURE DEVELOPMENT PUBLIC CO.,LTD.

------------------------------

**TIN NYUNT**
**Managing Director**
**MYEIK FUTURE DEVELOPMENT PUBLIC CO., LTD.**

## မြိတ်အနာဂါတ် ဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်

## ၂၀၂၅ ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့ရှိ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုမှတ်တမ်း

*ငွေကြေး-မြန်မာကျပ်*

| | ထုတ်ဝေပေးသွင်းပြီး ရင်းနှီးငွေ | ကြိုတင်ထုတ်ပေး ရင်းနှီးငွေ | မခွဲဝေရသေးသော အမြတ် | စုစုပေါင်း |
|---|---|---|---|---|
| **စာရင်းဖွင့်လက်ကျန် (၁.၄.၂၄)** | ၁၁,၃၁၇,၁၈၀,၀၀၀.၀၀ | ၁၅,၅၈၀,၀၀၀.၀၀ | ၁,၄၁၉,၂၁၄,၁၅၀.၀၅ | ၁၂,၇၅၁,၉၇၄,၁၅၀.၀၅ |
| စာရင်းညှိနှိုင်းချက် | - | - | ၇၄,၂၂၁,၅၉၈.၀၆ | ၇၄,၂၂၁,၅၉၈.၀၆ |
| နှစ်အတွင်းအမြတ် / (အရှုံး) | - | - | ၂၁၅,၃၇၀,၉၁၁.၅၁ | ၂၁၅,၃၇၀,၉၁၁.၅၁ |
| **စာရင်းပိတ်လက်ကျန် (၃၁.၃.၂၅)** | ၁၁,၃၁၇,၁၈၀,၀၀၀.၀၀ | ၁၅,၅၈၀,၀၀၀.၀၀ | ၁,၇၀၈,၈၀၆,၆၅၉.၆၂ | ၁၃,၀၄၁,၅၆၆,၆၅၉.၆၂ |
| | | | | |
| **စာရင်းဖွင့်လက်ကျန် (၁.၄.၂၃)** | ၁၁,၃၁၇,၁၈၀,၀၀၀.၀၀ | ၁၅,၅၈၀,၀၀၀.၀၀ | ၈၄၅,၁၂၇,၉၆၁.၀၀ | ၁၂,၁၇၇,၈၈၇,၉၆၁.၀၀ |
| စာရင်းညှိနှိုင်းချက် | - | - | ၅၁၈,၄၃၅,၀၈၄.၇၀ | ၅၁၈,၄၃၅,၀၈၄.၇၀ |
| နှစ်အတွင်းအမြတ် / (အရှုံး) | - | - | ၅၅,၆၅၁,၁၀၄.၃၅ | ၅၅,၆၅၁,၁၀၄.၃၅ |
| **စာရင်းပိတ်လက်ကျန် (၃၁.၃.၂၄)** | ၁၁,၃၁၇,၁၈၀,၀၀၀.၀၀ | ၁၅,၅၈၀,၀၀၀.၀၀ | ၁,၄၁၉,၂၁၄,၁၅၀.၀၅ | ၁၂,၇၅၁,၉၇၄,၁၅၀.၀၅ |

YIN WIN NAING
Chairman
MYEIK FUTURE DEVELOPMENT PUBLIC CO.,LTD.

TIN NYUNT
Managing Director
MYEIK FUTURE DEVELOPMENT PUBLIC CO., LTD.

## မြိတ်အနာဂါတ် ဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်
## ၂၀၂၄ ခုနှစ် ၊ ဧပရယ်လ (၁) ရက်နေ့မှ ၂၀၂၅ ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့အထိ ငွေသားစီးဆင်းမှုရှင်းတမ်း

*ငွေကြေး-မြန်မာကျပ်*

| | ၁.၄.၂၄-၃၁.၃.၂၅ | ၁.၄.၂၃-၃၁.၃.၂၄ |
|---|---|---|
| ***လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှု*** | | |
| အသားတင်အမြတ် / (အရှုံး) - အခွန်မလျာထားမီ | ၂၇၆,၁၁၆,၅၅၃.၂၂ | ၇၁,၃၄၇,၅၆၉.၆၈ |
| **ညှိနှိုင်းချက်များ** | | |
| တန်ဖိုးလျော့စရိတ် | ၅၅,၇၆၇,၃၂၉.၀၀ | ၇၃,၀၈၄,၀၆၆.၀၀ |
| ပုံသေပိုင်ပစ္စည်းစာရင်းပယ်ဖျက် | ၂၁,၄၅၀,၀၀၇.၈၄ | ၂,၆၇၂,၂၄၇.၀၀ |
| ကိုက်ညှိ ရေးဆွဲချက်များ | ၇၄,၂၂၁,၅၉၈.၀၆ | ၅၁၈,၄၃၅,၀၈၄.၀၀ |
| ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှ အမြတ် | (၃,၄၉၉,၉၉၉.၄၃) | - |
| **လုည့်လည်ရင်းနှီးငွေပြောင်းလဲမှုညှိနှိုင်းချက်များ** | **၄၂၄,၀၅၅,၄၈၈.၆၉** | **၆၆၅,၅၃၈,၉၆၆.၆၈** |
| အလျော့/ (အတိုး) ရရန်ရှိစာရင်းများ | ၅၅၀,၄၂၁,၄၂၂.၀၀ | ၉၆၈,၈၉၃,၇၈၅.၅၀ |
| အလျော့/ (အတိုး) ကုန်လက်ကျန် | (၈,၀၂၄,၁၆၇,၄၁၉.၄၈) | ၁၄၄,၄၅၅,၃၈၁.၅၀ |
| အတိုး/ (အလျော့) ပေးရန်ရှိစာရင်းများ | ၇၇၆,၇၅၂,၇၂၇.၁၉ | (၆၅၉,၁၉၄,၉၀၇.၀၀) |
| လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားအသုံးပြုမှု | (၆,၂၇၂,၉၃၇,၇၈၁.၆၀) | ၁,၁၁၉,၆၉၃,၂၂၆.၆၈ |
| ဝင်ငွေခွန်ပေးချေမှု | - | (၃၄၉,၁၉၀,၇၃၈.၀၀) |
| ကုန်သွယ်လုပ်ငန်းခွန်ပေးချေမှု | - | (၂၃၀,၄၁၇,၈၀၂.၀၀) |
| **လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသား အသုံးပြုမှု** | **(၆,၂၇၂,၉၃၇,၇၈၁.၆၀)** | **၅၄၀,၀၈၄,၆၈၆.၆၈** |
| ***ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှု*** | | |
| ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှ ရငွေ | ၃,၅၀၀,၀၀၀.၀၀ | - |
| ပုံသေပိုင်ပစ္စည်းဝယ်ယူခြင်း | (၂၄၆,၁၀၁,၄၂၈.၀၀) | (၁၆,၄၉၁,၁၅၀.၀၀) |
| ဆောက်လုပ်ရေးလုပ်ငန်းအတွက်ပေးငွေ | ၅,၁၀၂,၅၈၉,၄၉၉.၃၂ | (၄၅၇,၇၇၇,၃၇၆.၂၂) |
| ပြုလုပ်ဆဲအဆင့်ကုန် | ၂,၂၀၈,၉၇၄,၀၄၆.၅၇ | ၈,၈၃၈,၀၂၉.၀၀ |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားအသုံးပြုမှု** | **၇,၀၆၈,၉၆၂,၁၁၇.၈၉** | **(၄၆၅,၄၃၀,၄၉၇.၂၂)** |
| ***ဘဏ္ဍာရေးလုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှု*** | | |
| ရှယ်ယာရောင်းချခြင်းမှ ရငွေ | - | - |
| ချေးငွေ | - | - |
| အမြတ်ဝေစုပေးချေခြင်း | - | - |
| *ဘဏ္ဍာရေးလုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားအသုံးပြုမှု* | - | - |
| ငွေသားအသားတင် အတိုး / (အလျော့) | ၇၉၆,၀၂၄,၃၃၆.၂၉ | ၇၄,၆၅၄,၁၈၉.၄၆ |
| နှစ်စရှိ ငွေ နှင့် ဘဏ်လက်ကျန်များ | ၁၀၂,၆၉၁,၆၈၆.၄၆ | ၂၈,၀၃၇,၄၉၇.၀၀ |
| **နှစ်ဆုံးရှိ ငွေ နှင့် ဘဏ်လက်ကျန်များ** | **၈၉၈,၇၁၆,၀၂၂.၇၅** | **၁၀၂,၆၉၁,၆၈၆.၄၆** |

## ၁။ အထွေထွေ

မြိတ်အနာဂါတ် ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် သည် ၂၀၁၄ ခုနှစ် ၊ မတ်လ (၅) ရက်နေ့တွင် မြန်မာနိုင်ငံ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၅၇၂၃/၂၀၁၃-၂၀၁၄ ဖြင့် မှတ်ပုံ တင် ထားသောအများပိုင် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ၂၀၁၈ ခုနှစ် ၊ ဩဂုတ်လ (၂၇) ရက်နေ့စွဲဖြင့် ပြန်လည်မှတ်ပုံတင်ခြင်းကို ပြုလုပ်ခဲ့ပါသည်။ ကုမ္ပဏီ၏ ကုမ္ပဏီမှတ်ပုံတင်အမှတ်အသစ်မှာ ၁၀၄၉၂၄၆၁၁ ဖြစ်ပါသည်။

ကုမ္ပဏီ၏ အဓိကလုပ်ငန်းများမှာ- ဆောက်လုပ်ရေးလုပ်ငန်းများ ၊ ကန်ထရိုက်တာများ ၊ စီးပွားရေးဇုန်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများ ဖြစ်ပါသည်။ယခုနှစ်အတွင်း အဓိကလုပ်ငန်းများ၏ သဘောသဘာဝမှာ သိသိသာသာ ပြောင်းလဲမှုမရှိပါ။

ကုမ္ပဏီ၏ အဓိကတည်ရှိသောလိပ်စာမှာ စိန်ပန်းဝါလမ်း ၊ မြိတ်စီးပွားရေးဇုန် ၊ ကန်သာယာရပ်ကွက် ၊ မြိတ်မြို့ ၊ တနင်္သာရီတိုင်းဒေသကြီး ဖြစ်ပါသည်။

## ၂။ အရေးပါသောစာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ်

### ၂.၁ စာရင်းရေးဆွဲခြင်းဆိုင်ရာအခြေခံမှုများ

